# အကျဉ်းသား (၉) ထောင်ကျော် စစ်အစိုးရ ပြန်လွှတ်ပေးလိုက်ပြီ

NEJ / ၂၉ နိုဝင်ဘာ ၂၀၀၄ / ၁၇း၂၀

Photo : NEJ



အင်းစိန်အကျဉ်းထောင် အဝင်ဝတွင် မျှော်လင့်ချက်ဖြင့် စောင့်ဆိုင်းနေကြသော နိုင်ငံရေးအကျဉ်းသားများ၏ မိသားစုများ

ပြစ်ဒဏ်ကျခံနေရခြင်းမှ မကြာခင်က ရပ်စဲပေးခြင်းခံခဲ့ရသည့် အကျဉ်းသား (၉) ထောင်ကျော်အား စစ်အစိုးရက ပြန်လွှတ်ပေးပြီးပြီဖြစ်ကြောင်း ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြသည်။

နအဖစစ်အစိုးရက အမျိုးသား ထောက်လှမ်းရေးအဖွဲ့၏ မလျော်မကန် ဖမ်းဆီး ပြစ်ဒဏ်ချခံထားရသော အကျဉ်းသား (၃,၉၃၇) ဦးကို ပထမအသုတ်အဖြစ် နိုဝင်ဘာ (၁၈) ရက်တွင်လည်းကောင်း၊ အကျဉ်းသား (၅,၃၁၁) ဦးကို ဒုတိယအသုတ်အဖြစ် နိုဝင်ဘာ (၂၅) ရက်တွင်လည်းကောင်း ပြစ်ဒဏ်မှရပ်စဲပေးလိုက်ပြီး အကျဉ်းထောင်အသီးသီးမှ ပြန်လွှတ်ပေးခဲ့သည်။

ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက အမျိုးသားထောက်လှမ်းရေးအဖွဲ့ခေါင်းဆောင်နှင့် နအဖဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကို အဂတိလိုက်စားမှုဖြင့် တာဝန်မှ ဖယ်ရှားအရေးယူခဲ့ပြီး အမျိုးသားထောက်လှမ်းရေးအဖွဲ့ကိုလည်း စစ်အစိုးရက ဖျက်သိမ်းပစ်ခဲ့သည်။

ပြန်လွှတ်လာသည့် အကျဉ်းသားပေါင်း (၉,၂၄၈) ဦးအနက် ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဝင်အချို့၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ လွှတ်တော်ကိုယ်စားလှယ် (၃) ဦးနှင့် ပါတီဝင်အချို့ အပါအဝင် နိုင်ငံရေးအကျဉ်းသား (၄၀) ဦးသာပါဝင်ကြောင်း၊ အများစုမှာ သာမန်ရာဇဝတ်မှုများဖြင့် ဖမ်းဆီးထောင်ကျခံနေရသူများဖြစ်ကြကြောင်း AAPP (ခေါ်) နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) ကဆိုသည်။

AAPP အတွင်းရေးမှူး ဦးတိတ်နိုင်က "လူပေါင်းများစွာလွှတ်မယ်ဆိုတဲ့ အခါကျတော့ တအံ့တသြဖြစ်ခဲ့ရတယ်။ တကယ်တမ်း လွှတ်ပေးလာတဲ့အခါကျတော့ မဆိုသလောက် အရေအတွက်ကလေးပဲလွှတ်တယ်။ လွှတ်တဲ့သူတွေကလည်း လွတ်ရက်နီးနေသူတွေ ဖြစ်တဲ့အခါကျတော့ သူတို့ရဲ့ နိုင်ငံရေးအကျဉ်းသားတွေအပေါ်မှာထားတဲ့ သဘောထားကို အင်မတန် စိတ်ပျက်မိတယ်" ဟုပြောကြားသည်။

၎င်းက AAPP သည် နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေး ဆောင်ရွက်နေသည့်အဖွဲ့ဖြစ်သည့်အတွက် အကျဉ်းသားများအားလုံး မလွတ်မခြင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ နိုင်ငံရေးအကျဉ်းသားများ၏ အခြေအနေ၊ အကျဉ်းထောင်များ၏ ပကတိအခြေအနေများအား ကမ္ဘာ့အသိုင်းအဝန်းက သိရှိလာစေရန် အရှိန်အဟုန်မြှင့် လုပ်ဆောင်သွားမည်ဟု ဆက်လက်ပြောကြားသည်။

ပြန်လွှတ်ပေးမည့် အကျဉ်းသားစာရင်းတွင် သတင်းစာဆရာကြီး ဟံသာဝတီ ဦးဝင်းတင် ပါဝင်သည်ဟု စစ်အစိုးရ ဒု–နိုင်ငံခြားရေးဝန်ကြီး ဦးကျော်သူက ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သော်လည်း ဆရာဦးဝင်းတင်တယောက် ပြန်လည်လွတ်မြောက်လာခြင်း မရှိသေးပေ။

ထို့အပြင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ သန်းငြိမ်းအား နိုဝင်ဘာ (၁၉) ရက်တွင် လွတ်ရက်စေ့ပြီဖြစ်သော်လည်း ပြန်လွှတ်ပေးခြင်းမရှိဘဲ ထောင်ဒဏ် ရက်ပေါင်း (၆၀) ထပ်မံတိုးမြှင့်ခဲ့သည်။

မြန်မာနိုင်ငံအကျဉ်းထောင်များတွင် နအဖစစ်အစိုးရက ဖမ်းဆီးထိန်းသိမ်းထားသည့် နိုင်ငံရေးအကျဉ်းသားဦးရေ (၁,၃၅၀) ကျော်ရှိကြောင်း နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (AI) ၏ ၂၀၀၄ ခုအစီရင်ခံစာအရ သိရသည်။

AI အဖွဲ့၏ သုတေသနမှူး Ms.Donna Guest က စစ်အစိုးရ၏ အကျဉ်းသားအများအပြား ပြန်လွှတ်ပေးခြင်းသည် လောနိုင်ငံတွင်ကျင်းပနေသည့် အာဆီယံထိပ်သီးအစည်းအဝေးတွင် နိုင်ငံတကာ အသိုင်းအဝန်း၏ အမြင်ကောင်းစေရန် လုပ်ဆောင်ခြင်းဖြစ်သည်ဟု ဘီဘီစီအသံလွှင့်ဌာနသို့ ပြောကြားသည်။ ■